# Mucormycosis ခေါ် မှိုရောဂါ

World Health Organization
Myanmar

**Mucormycosis ခေါ် မှိုရောဂါသည် မြူကိုမိုင်စီတီး (mucomycetes) ခေါ် မှိုအုပ်စုကြောင့်ဖြစ်ပွားသော ရှားပါးသော်လည်း ပြင်းထန်သည့် မှိုရောဂါတစ်မျိုးဖြစ်သည်။ ယခုအခါတွင် မှိုမည်းဟုခေါ်ဆိုနေကြသော်လည်း Mucormycosis ခေါ် မှိုရောဂါကို ဖြစ်စေသော မှိုမှာ အရောင်အမျိုးမျိုးရှိသည်။**

## ၁ မည်သူ ရောဂါဖြစ်နိုင်ခြေရှိပါသနည်း?

**ထိုမှိုသည် လူအများစုတွင် အန္တရာယ်မပေးပါ။** အောက်ပါ လူအုပ်စုများတွင် ရောဂါခံစားရခြေ ပိုများသည်။



ဆီးချိုရောဂါရှိသူများ၊



ကင်ဆာရောဂါ ရှိသူများ၊



ခုခံကျ ကာလသား ကူးစက် ရောဂါ (HIV/AIDS) ပိုးရှိသူများ၊



ပြင်းအားမြင့် (သို့) အချိန်ကြာမြင့်စွာ စတီးရွိုက် (steroid) ဆေးများဖြင့် ဆေးကုသမှု ခံယူနေရသူများ၊



အခြားအကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခံအားနည်းကြသူများ။

လတ်တလောတွင် Covid19 ရောဂါပိုးရှိသူအများစုတွင် Mucormycosis မှိုရောဂါရှိကြောင်း တွေ့ရှိရပါသည်။ **ထိုသို့ တွေ့ရှိရသည်မှာ Covid19 ကြောင့်လား (သို့) အခြား အကြောင်းကြောင့်လား ဆိုသည်ကို ယခုအခါ မသိရသေးပါ။**

## ၂ ရောဂါဘယ်လို ပြန့်နှံ့ ကူးစက်ပါသလဲ?



ပတ်ဝန်းကျင်နေရာအနှံ့တွင် မှိုများကို တွေ့ရှိရပြီး လူအများစုသည် မှိုများကို အသက်ရှုရင်း မည်သို့မျှ မခံစားရဘဲ ဝင်လေနှင့်အတူ ရှူသွင်းမိကြသည်။



ကိုယ်ခံအားနည်းကြသူများတွင် အသက်ရှူ လမ်းကြောင်းမှတစ်ဆင့် မှိုများကို ရှူသွင်း မိသည့်အခါ နှာခေါင်း၊ အာခေါင်၊ အဆုတ်တို့တွင် မှိုရောဂါ ဖြစ်ပွားသည်။



အချို့သောသူများတွင် အရေပြားရောဂါ ရှားရှားပါးပါး ဖြစ်တတ်သည်။ အရေပြားရောဂါသည် အများအားဖြင့် အရေပြား ပေါက်ပြဲဒဏ်ရာ ရရှိပြီးမှသာ ဖြစ်ပွားတတ်ပါသည်။




ထိုရောဂါသည် လူ တစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့ခြင်း မရှိပါ။




အချို့သောရှားပါးဖြစ်ရပ်များတွင် အစာအိမ်နှင့် အူလမ်းကြောင်း တွင် မှိုရောဂါ ဖြစ်ပွားသည်ကို တွေ့ရှိရသည်။

## ၃ ရောဂါဖြစ်ပွားသည်ကို မည်ကဲ့သို့ သတိပြုမိနိုင်သနည်း?

Mucormycosis ခေါ် မှိုရောဂါဖြစ်လျှင် တွေ့ရလေ့ရှိသော ရောဂါလက္ခဏာအချို့မှာ




အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်နှာ (သို့) မျက်လုံး ယောင်ယမ်းခြင်း၊




အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်နှာနာခြင်း (သို့) ခေါင်းကိုက်ခြင်း၊



အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်လုံး နီရဲခြင်း၊



နှာခေါင်းပေါ် (သို့) ပါးစပ်ပေါ်တွင် အမည်းရောင် ပျဉ်ချပ် အလိုက် ပေါ်လာခြင်း၊ ထိုကဲ့သို့ ပေါ်လာပါက ကျန်းမာရေး စောင့်ရှောက်ပေးသူထံသို့ အမြန်ဆုံး ပြသပါ။



ဖျားခြင်း၊


ဖျားခြင်း၊ ခေါင်းကိုက်ခြင်းတို့ကဲ့သို့ ရောဂါလက္ခဏာများမှာ Covid19 အပါအဝင် အခြားသောရောဂါများတွင် တွေ့ရလေ့ရှိသော ရောဂါလက္ခဏာများလည်း ဖြစ်ကြသည်။ Mucormycosis ခေါ် မှိုရောဂါ အတည်ပြုရန်အတွက် ဓါတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရန် လိုအပ်သည်။ သင့်အနေဖြင့် (အပိုင်း ၁ တွင် ဖော်ပြထားသော) ရောဂါခံစားရနိုင်ခြေပိုများသော အုပ်စုတွင်ပါဝင်ပြီး အထက်ပါ ရောဂါလက္ခဏာများ ခံစားရပါက **ကျန်းမာရေးစောင့်ရှောက်ပေးသူ (ဆရာဝန်)ထံ ပြသတိုင်ပင်ပါ။**

## ၄ Mucormycosis ခေါ် မှိုရောဂါကို မည်ကဲ့သို့ ရှာဖွေတွေ့ရှိနိုင်သနည်း?

**ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) အနေဖြင့် ရောဂါအတည်ပြုနိုင်မည့်နည်းလမ်းများမှာ**



ဓါတ်ခွဲစမ်းသပ်ရန်အတွက် နှာခေါင်း (သို့) အာခေါင်တွင်းမှ နမူနာ ရယူခြင်း၊



အနုကြည့်မှန်ပြောင်းဖြင့် မှို စစ်ဆေးတွေ့ရှိခြင်း (သို့) မှိုပိုး မွေးမြူရာတွင် ပေါက်ပွားသည်ကို တွေ့ရှိရခြင်း၊



လိုအပ်ပါက ဦးခေါင်း၊ အာခေါင်နှင့် နှာခေါင်းတွင်း မှန်ပြောင်းထည့်ပြီး ကြည့်ရှုခြင်း (သို့) ပုံရိပ်ဖမ်းပြီး scan လုပ်ခြင်း၊

## ၅ မည်ကဲ့သို့ ကုသနိုင်မည်နည်း?

**ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)၏ အကြံဉာဏ်အတိုင်း တိတိကျကျလိုက်နာပါ။**



Mucormycosis ခေါ် မှိုရောဂါကို မှိုရောဂါ ကုသဆေးဖြင့် ကုသနိုင်သည်။ ထိုဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) ညွှန်ကြားချက်အတိုင်းသာ သောက်သုံးရပါမည်။




တစ်ခါတစ်ရံ နှာခေါင်းနှင့် မျက်လုံး တစ်ဝိုက်တွင် ဖြစ်ပွားသော မှိုရောဂါကို ခွဲစိပ်ကုသရန် လိုအပ်တတ်သည်။



မှိုရောဂါကုသဆေးကို နည်းလမ်း မှန်ကန်စွာ သောက်သုံးခြင်း မပြုပါက ဆိုးကျိုးများ ခံစားရတတ်သဖြင့် မိမိသဘောဖြင့် သောက်သုံးခြင်း မပြုရပါ။

## ၆ ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကို မည်ကဲ့သို့ ကာကွယ်နိုင်မည်နည်း?

**ကျန်းမာရေးကောင်းသော လူအများစုတွင် ဤမှိုရောဂါခံစားရနိုင်ခြေ အလွန်နည်းပါးသည်။** Mucormycosis ခေါ် မှိုရောဂါအတွက် ကာကွယ်ဆေး မရှိပါ။ (အပိုင်း ၁ တွင် ဖော်ပြထားသော) ရောဂါခံစားရနိုင်ခြေ ပိုများသော အုပ်စုတွင် ပါဝင်သူများအနေဖြင့် မိမိကိုယ်ကို ရောဂါဖြစ်ပွားမှုမှ လျော့နည်းစေရန် ပတ်ဝန်းကျင်တွင်၊



ဆောက်လုပ်ရေး လုပ်ငန်းခွင်ကဲ့သို့သော ဖုန်ထူသည့် နေရာများကို ရှောင်ကြဉ်ပါ။



စိုစွတ်မှောင်မည်းသော အဆောက်အဦများ ဥပမာ– ရေကြီးရေလျှံခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်းကြောင့် ပျက်စီးသွားသော အဆောက်အဦများကို ရှောင်ကြဉ်ပါ။



မြေကြီးနှင့် အနီးကပ် ထိတွေ့ ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ပါ။



အပြင်ထွက်ပါက ခြေလက်များကို ဖုံးအုပ်သော အဝတ်အစားများ လုံခြုံအောင် ဝတ်ဆင်ပါ။



အရေပြား အနာဖြစ်ပါက ဆပ်ပြာနှင့်ရေ အသုံးပြုပြီး ဒဏ်ရာရသော နေရာအား သန့်ရှင်းအောင် ဆေးကြောပါ။